*OMB Control Number*: 1405-0209
*Information Collection Title*: Reporting Requirements for Responsible Investment in Burma

Bureau of Democracy, Human Rights, and Labor
C/O Jennifer Stein, Rm 7822
U.S. Department of State
2201 C Street NW
Washington, D.C.

(၁) မြန်မာပြည်၏ စီးပွားရေး အရင်းအမြစ်အများစုသည် စစ်အစိုးရလက်ထက် အခွင့်ထူးခံ အရပ်သား စီးပွားရေးလုပ်ငန်းရှင်များ နှင့် တပ်မတော်မှ အခွင့်ထူးခံပုဂ္ဂိုလ်များ နှင့် ဆက်စပ်သော စီးပွားရေးလုပ်ငန်းများ၏ စီမံမှုအောက်တွင် ရှိနေသည်ဟု သုံးသပ်ပါသည်။
(၂) အဆိုပါ စီးပွားရေး အရင်းအမြစ်များသည် မြေယာသိမ်းဆည်းမှုများ ၊ သဘာဝ ပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးများ ၊ လူ့အခွင့်အရေး ချိုးဖောက်ကျူးလွန်မှုများနှင့် အကျင့်ပျက်လာဘ်စားမှုများနှင့် ဆက်စပ်ကြောင်း သုတေသနအထောက်အထားများ ရှိထားပြီးဖြစ်ပြီး ထပ်မံ ဖော်ထုတ်စမ်းစစ်ရန် များစွာလိုအပ်ဆဲဖြစ်သည်ဟု သုံးသပ်ပါသည်။
(၃) မြန်မာပြည်တွင် ဖြစ်ပွားခဲ့သော ဘာသာရေးလူမျိုးရေးပဋိပက္ခများတွင် နောက်ကွယ်မှ ကြိုးကိုင်မှုများ ရှိကြောင်းနှင့် ရွေးကောက်ပွဲအကြိုနှင့် ရွေးကောက်ပွဲအလွန်ကာလ ဘာသာရေးလူမျိုးရေးကို အသုံးချသော နိုင်ငံရေးလှုံ့ဆော်မှုများနှင့်ပတ်သက်သည့် အရင်းအမြစ်များ၏ဇစ်မြစ်များနှင့် ဆက်စပ်မှုများကို ဖော်ထုတ်အရေးယူရန် အရေးတကြီးလိုအပ်သည်ဟု သုံးသပ်သည်။
(၄)  ၂၀၁၅ ရွေးကောက်ပွဲရလာဒ်အရ  ပြည်သူများရွေးချယ်သော အစိုးရသစ်သည် မြေယာသိမ်ဆည်းမှုများ ၊ သဘာဝ ပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးများ ၊ လူ့အခွင့်အရေး ချိုးဖောက်ကျူးလွန်မှုများနှင့် အကျင့်ပျက်လာဘ်စားမှု  များကို ဦးစားပေး ဖြေရှင်းရာတွင် ရင်ဆိုင်ရမည့် စိတ်ခေါ်မှုများကို ဖြေရှင်းကျော်လွှားနိုင်မှသာ ဒီမိုကရေစီ အပြောင်းအလဲ ဖော်ဆောင်ရေး အောင်မြင်မည်ဖြစ်ကြောင်း သုံးသပ်နိုင်သည်။
(၅) ဖော်ပြပါ အကြောင်းအရာများအပြင် ငြိမ်းချမ်းရေး နိုင်ငံရေးဆွေးနွေးပွဲများနှင့်ဆက်စပ်သည့် လုပ်ငန်းစဉ်များတွင်လည်း အစိုးရမဟုတ်သောအဖွဲ့များ ဥပမာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပတ်သက်ဆက်နွယ်သော စီးပွားရေးရင်နှီးမြှုတ်နှံမှုများကို ပွင့်လင်းမြင်သာ၍ တာဝန်ယူမှု တာဝန်ခံမှု ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်နိုင်ရန် လိုအပ်သည်ဟု အလေးအနက်ခံယူသည်။
(၆) ထိုသို့ ဆောင်ရွက်နိုင်ရန် အမေရိကန် ကုမ္ပဏီများနှင့် အမေရိကန် ရင်းနှီးမြှုပ်နှံမှုများ နှင့်တကွ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ဘက်မှ လက်ရှိ ပြည်တွင်းစီးပွားရေး အရင်းအမြစ်များကို လွှမ်းမိုးထားသော စစ်အစိုးရလက်ထက် အခွင့်ထူးခံ အရပ်သား စီးပွားရေးလုပ်ငန်းရှင်များ နှင့် တပ်မတော်မှ အခွင့်ထူးခံပုဂ္ဂိုလ်များ နှင့် ဆက်စပ်သော စီးပွားရေးလုပ်ငန်းများနှင့်

ပူးပေါင်းဆောင်ရွက်မှုကို စောင့်ကြည့်ထိမ်းကြပ်သည့် မူဝါဒ လုပ်ထုံးလုပ်နည်းများရှိရန် နှင့် အားကောင်းရန်လိုအပ်သည်ဟု လေးနက်စွာ ခံယူသည်။

သို့ပါ၍ မြန်မာပြည်တွင်းရှိ အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် US Reporting Requirement ကို သတ်တမ်းတိုးမြှင့်သင့်ပါကြောင်း လေးနက်စွာ အဆိုပြုတောင်းဆိုအပ်ပါသည်။

လေးစားစွာဖြင့်




Ni Ni Winn

National Coordinator

Coordination Office

On behalf of **Myanmar Alliance for Transparency and Accountability (MATA)**

Mobile : (+95-9) 259170428

Office : (+95-1) 503374, (+95-9) 260693881

Email : mata.nationaloffice@gmail.com/mata.comofficer@gmail.com

Office Address:

No. 11 (C), 11 Floor, Myaenigone Plaza, Bargayar Road, San Chaung Township, Yangon, Myanmar.

No. (R-7/17), Between 67th Street &68th Street, Between 42nd & 43rd Street, Mahamyaing Quarter, Maharaungmyay Township, Mandalay, Myanmar.